# ခရီးသွားဧည့်သည်များအတွက် COVID-19 ကာကွယ်ရေး အကြံပေးလမ်းညွှန်ချက်များ

ရပ်ရွာလူထုခရီးသွား လုပ်ငန်းများ (CBT) အတွက် COVID-19 ကာကွယ်ရေး လမ်းညွှန်ချက်များ



## ၁

မိမိဧည့်လမ်းညွှန်၏ အကြံပေးချက်များကိုလိုက်နာခြင်းဖြင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိခရီးသွားဖော်နှင့် ကျေးရွာဒေသခံပြည်သူများအတွက် Covid-19 ရောဂါကူးစက်ခြင်းမှ ကာကွယ်လျှော့ချနိုင်ပါသည်။




## ၂

နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ အသုံးအဆောင်ပစ္စည်း၊ ရေဘူးများကို မိမိနှင့်တပါးတည်း ယူဆောင်လာပါ။ အရာဝတ္ထုတစ်ခုခုနှင့် ထိတွေ့ကိုင်တွယ်ပြီးတိုင်း သို့မဟုတ် တစ်ခုခုမလုပ်ဆောင်မီ၊ လုပ်ဆောင်စဉ်နှင့် လုပ်ဆောင်ပြီးတိုင်း လက်သန့်ဆေးရည်ဖြင့် စနစ်တကျ လက်ဆေးပါ။



## ၃


မိမိ၏ အသုံးအဆောင်ပစ္စည်း၊ အစားအသောက်များကို အခြားသူများနှင့် မျှဝေသုံးစွဲခြင်းမှ ရှောင်ကျဉ်ပါ။ ဈေးဝယ်ရာတွင် မိမိဝယ်ယူမည့်ပစ္စည်းများမှအပ အခြားပစ္စည်းများကို ကိုင်တွယ်ခြင်းမှ ရှောင်ကျဉ်ပါ။






## ၄

ကျေးရွာအတွင်းလည်ပတ်ရာတွင် ဒေသခံများနှင့် ဓာတ်ပုံရိုက်ခြင်း၊ နှုတ်ဆက်စကားစမြည်ပြောရာတွင် (၆)ပေအကွာနေထိုင်ပြောဆိုပါ။ ဒေသခံများနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း၊ ထိတွေ့ခြင်းများရှောင်ကျဉ်ပါ။ တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေရမည်ကို နားမလည်သောကလေးများ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ထိတွေ့ခြင်းမှ အထူးရှောင်ကျဉ်ပါ။



## ၅

ကျေးရွာအတွင်းလည်ပတ်နေစဉ် ချောင်းဆိုး၊ ခေါင်းကိုက်ပြီး ကိုယ်အပူချိန် ၃၈ °C အထိရောက်ရှိခြင်း သို့မဟုတ် Covid-19 ရောဂါလက္ခဏာများဖြစ်သည်ဟု ခံစားမိပါက မိမိတို့၏ ဧည့်လမ်းညွှန်အား အသိပေးပါ။ ဧည့်လမ်းညွှန်က မည်သို့လုပ်ဆောင်ရမည်ကို အကြံပေး၍ လိုအပ်သည်များကို ကူညီစီစဉ်ပေးလိမ့်မည်။ ထိုကဲ့သို့ စီစဉ်ဆောင်ရွက်နေစဉ် အခြားသူများနှင့် ထိတွေ့ခြင်းမှ ရှောင်ကျဉ်ရမည်။

**ကျေးဇူးပြု၍ လမ်းညွှန်ချက်များကိုလိုက်နာပြီး ဘေးကင်းစွာနေပါ။**


International Trade Centre

MYANMAR-SECO-UN TRADE CLUSTER FOR SUSTAINABLE HORTICULTURE AND TOURISM DEVELOPMENT

United Nations Inter-Agency Cluster on Trade and Productive Capacity
UNOPS, UNCTAD, ITC, UNIDO, ILO

COMMERCE

MINISTRY OF HOTELS & TOURISM

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Confederation
The Federal Department of Economic Affairs, Education and Research (EAER)
State Secretariat for Economic Affairs SECO

CBI
Ministry of Foreign Affairs